**COVID-19 အတွက် ထောက်ပံ့ငွေလျှောက်ထားခွင်းနှင့်ပတ်သက်သော သိမှတ်ဖွယ်ရာများ**

အောက်ဖော်ပြပါအချက်အလက်များကိုအင်္ဂလိပ်(အခြားဘာသာစကားများနှင့်) ပူးတွဲပါ ဟီဂါရှီဟီရိုရှီးမားမြို့နယ်ရုံး ဝက်ဆိုက် တွင် ဝင်ရောက်ကြည့်ရှု နိုင်ပါသည်၊

URL https://www.city.higashihiroshima.lg.jp/soshiki/seisakukikaku/1/2/1/covid19/24205.html

○ COVID-19 အတွက်ထောက်ပံ့ငွေပေးရခြင်း၏ရည်ရွယ်ချက်

ယခုအခါတွင်COVID-19(coronavirus)ပြန့်နှံ့ဖြစ်ပွားမှုထိန်းချုပ်နိုင်ရန်အရေးပေါ်အခြေအနေထုတ်ပြန်ကြေငြာခြင်းနှင့်အတူ ပြည်သူများအနေဖြင့်လက်ရှိရင်ဆိုင်နေရသောအမျိုးသားစီးပွားရေးအကျပ်အတည်းကိုကျော်လွှားနိုင်ရန်အတွက်အတူတကွ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါသည်။တစ်နိုင်ငံလုံးရှိပြည်သူလူထုအားဆေးကုသမှုတွင်ပါဝင်သူများအပါအဝင်ဤကပ်ရောဂါတိုက်ဖျက်ရေးတွင် ကိုယ်စွမ်း ဉာဏ်စွမ်း ရှိသရွေ့ ကျရာ ကဏ္ဍအသီးသီးမှ ပါဝင်ကျသော၊ မတူကွဲပြားသည့် မိဘပြည်သူများ၏ ကြိုးပမ်းအားထုတ်မှုများကိုလေးစားတန်ဖိုးထားသောအားဖြင့်နိုင်ငံအတွင်းမှီတင်းနေထိုင်ကြသောပြည်သူများကို အောက်ဖော်ပြပါ လွယ်ကူလျှင်မြန်သော စနစ် အခြေပြုသော ထောက်ပံ့ကြေးပေးရန် ရည်ရွယ်သည်။

○ COVID-19 အတွက်ထောက်ပံ့ငွေလျှောက်ထားရန် အကျုံးဝင်သူများ

၂၀၂၀ပြည့်နှစ်၊ ဧပြီလ ၂၇ ရက်နေ့အထိ ဟီဂါရှီဟီရိုရှီးမားမြို့နယ်တွင် နေထိုင်ကြောင်း မှတ်ပုံတင်ထားသောသူ (နေထိုင်ခွင့်လက်မှတ်ရှိသူ) ဖြစ်ရမည်။

နေရပ်လိပ်စာ မှတ်ပုံတင်ထားရှိသော ဂျပန်နိုင်ငံသား မဟုတ်သူများသည်လည်း ထောက်ပံ့ငွေ လျှောက်ထားရန် အကျုံးဝင်သည်။ သို့သော်နေရပ်လိပ်စာမှတ်ပုံတင်မထားသောကာလတို(ယာယီ)နေထိုင်သူများနှင့်တရားမဝင်နေထိုင်သူများသည်ထောက်ပံ့ငွေ လျှောက်ထားရန် အကျုံးမဝင်ပါ။

○ COVID-19 အတွက်ထောက်ပံ့ငွေရယူရန် မည်သူ လျှောက်ထားနိုင်သည်?

COVID-19အတွက်ထောက်ပံ့ငွေတောင်းခံရန်အလို့ငှာလျှောက်လွှာများကိုအိမ်ထောင်ဦးစီးမှကြီးမှူး၍ပြင်ဆင် လျှောက်ထားနိုင်ပြီး လက်ခံရရှိမည့် ထောက်ပံ့ငွေ အလုံးအရင်းကိုလည်း ယင်းအိမ်ထောင်ဦးစီးထံသို့သာ ပေးအပ်သွားမည် ဖြစ်သည်။

○ COVID-19 အတွက်ထောက်ပံ့ငွေပမာဏ

လူတစ် ဦးလျှင် ယန်း ၁၀၀၀၀၀နှုန်း။

○ လျှောက်ထားရန်နည်းလမ်း ※COVID-19ပြန့်ပွားမှုကိုတားဆီးရန်အတွက် မြို့တော်စည်ပင်ရုံးတွင် လူကိုယ်တိုင် လာရောက် လျှောက်ထားခြင်းမပြုရ။

၁။ စာတိုက်မှလျှောက်ထားခြင်း

ပူးတွဲပါ'COVID-19အတွက်ထောက်ပံ့ကြေးရယူရန်လျှောက်လွှာပုံစံ'တွင်လက်ခံရယူမည့်အိမ်ထောင်စုဝင်၏ဘဏ်စာရင်းနှင့် ထောက်ပံ့ငွေ လက်ခံရယူမည့် ဘဏ်အချက်အလက်များဖြည့်စွက်ပြီး လျှောက်လွှာကို ပူးတွဲပါ စာအိတ်ကို အသုံးပြု၍ ပြန်လည် ပေးပို့ လျှောက်ထားရမည် ဖြစ်သည်။

※ လျှောက်ထားရာတွင် အောက်ဖော်ပြပါ စာရွက်စာတမ်းများပါ တစ်ပါတည်း ပေးပို့ရပါမည်။

- လျှောက်ထားသူမည်သူမည်ဝါဖြစ်ကြောင်းအတည်ပြုရန်စာရွက်စာတမ်း-ယာဉ်မောင်းလိုင်စင်မိတ္တူ၊ အမျိုးသားကျန်းမာရေးအာမခံလက်မှတ် (ကဒ်)၊ နေထိုင်ခွင့်ကဒ် စသဖြင့်။
- ငွေပေးချေရမည့်ဘဏ်စာရင်း၏အသေးစိတ်အချက်အလက်များအားစစ်ဆေးရန်လိုအပ်သည့်စာရွက်စာတမ်းများ- သင်၏ဘဏ်စုစာအုပ်မိတ္တူ၊ ငွေကတ် (ATM: အေတီအမ် ကဒ်) စသည်တို့။

၂။ အွန်လိုင်းမှလျှောက်ထားခြင်း (My number ကိုယ်ပိုင်နံပါတ်ကဒ်ပြားနှင့်ကွန်ပျူတာသို့မဟုတ် စမတ်ဖုန်းရှိသူများသာ) ကိုယ်ပိုင်နံပါတ် (My Number)နှင့် ဆက်စပ်သောအင်တာနက်လင့်ခ်ကို အသုံးပြု၍ ရည်ညွှန်းချက်ပါ အိမ်ထောင်ဦးစီးအမည်၊ ကိုယ်ရေးအချက်အလက်များ၊ အိမ်ထောင်စုဝင်များ၏ ကိုယ်ရေးအချက်အလက်များ ထောက်ပံ့ငွေ လက်ခံရယူမည့် အိမ်ထောင်ဦးစီး၏ဘဏ်စုစာအုပ် စာရင်းနှင့် ဘဏ်အချက်အလက်များ ကို ဖြည့်စွက်ပြီး ထို ဖြည့်စွက်ထားသော အချက်အလက်များ မှန်ကန်သေချာမှု ရှိ/မရှိစစ်ဆေးရန် လိုအပ်သော အထောက်အထား စာရွက်စာတမ်းများကို တင်သွင်းလျှောက်ထားရမည် ဖြစ်သည်။

○ လျှောက်လွှာကာလ

လျှောက်လွှာများကို ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၃၁ ရက်တနင်္လာနေ့ နောက်ဆုံးထား လျှောက်ထားရမည်။

COVID-19 အတွက် ထောက်ပံ့ငွေနှင့်ပက်သက်၍ မေးမြန်းလိုပါက-

Coronavirus ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာရုံး, ဟီဂါရှီ ဟီရိုရှီးမား မြို့နယ်ရုံး ☎ ၀၈၂-၄၂၆-၃၁၂၇

ရုံးချိန် - ၈ : ၃၀ မှ ၁၇ : ၁၅ (စနေနေ့၊ တနင်္ဂနွေနှင့် အစိုးရ ရုံးပိတ်ရက်များတွင်ပိတ်သည်။)

ကျောဖက်တွင် ဆက်လက်ဖတ်ရှုပါရန်။

**COVID-19** အတွက်ထောက်ပံ့ငွေပေးချေမှုမတိုင်မီ ပါဝင်သောလုပ်ထုံးလုပ်နည်းများ

[စာပို့ခြင်းဖြင့်လျှောက်တင်ခြင်း] အွန်လိုင်းမှတစ်ဆင့်လျှောက်တင်သူများအတွက်ကိုယ်ပိုင်နံပါတ် (My number)နှင့်သက်ဆိုင်သော ဝက်ဆိုဒ်စာမျက်နှာတွင်ဖော်ပြထားသည့် ညွှန်ကြားချက်များကိုလိုက်နာပါ။

① COVID-19 အတွက် ထောက်ပံ့ကြေးငွေနှင့်ပက်သက်သော ရှင်းပြချက်ပါ စာရွက်စာတမ်းများ လက်ခံရရှိခဲ့ပါက ထို ရှင်းလင်းချက် များ၊ လိုအပ်သော လျှောက်လွှာပုံစံများကို သေချာစွာဖတ်ရှုပါ။

② လျှောက်လွှာပုံစံတွင်လိုအပ်သည့်အချက်အလက်များသေချာစွာဖြည့်စွက်ပြီးပူးတွဲတင်သွင်းရန်လိုအပ်သောအထောက်အထား စာရွက်စာတမ်းများ ရှိ/ မရှိ သေချာစွာ စစ်ဆေးပါ။

လျှောက်လွှာပုံစံ၏ ၁ မှ ၅ တွင်ဖော်ပြထားသောအချက်အလက်များကို ကျေးဇူးပြု၍ စစ်ဆေးပါ။

＜မှတ်သားရန်အချက်များ＞

[2] အကွက်ထဲတွင် ဖော်ပြထားသော "不要" စာတမ်းနံဘေးမှ အကွက်ကို အမှန်ခြစ်ရွေးချယ်သူများ အမှတ်အသားရှိသူများသည် COVID-19 အတွက် ပေးအပ်သော ထောက်ပံ့ငွေကို လက်ခံရရှိနိုင်မည် မဟုတ်ကြောင်းသတိချပ်ပါ။ ကျေးဇူးပြု၍ ဤအကွက်ကို မတော်တဆ မှားယွင်း အမှန်ခြစ်ထားခြင်း ရှိ/ မရှိ သေချာစွာ စစ်ဆေးပါ။

☑ 不要
ထောက်ပံ့ငွေကို
လက်မခံလိုပါ။

[3] ထောက်ပံ့ငွေ လက်ခံရယူမည့် ဘဏ်အကောင့် အဖြစ် သင် အမြဲ အသုံးပြုလေ့ရှိသော ဘဏ်အကောင့် ကိုသာ ရွေးချယ် တင်ပြလျှောက်ထားသင့်ပါသည်။
အချိန်ကြာမြင့်စွာအသုံးမပြုဖြစ်သော ဘဏ်အကောင့်တစ်ခုကိုသင်ရွေးချယ်ပါကငွေပေးချေရန်မဖြစ်နိုင်ပါ။

・လျှောက်ထားသူရွေးချယ်သောအကောင့်သည် ဟီဂါရှိ ဟီရိုရှီးမား မြို့နယ်ရုံးတွင် မှတ်ပုံတင်ထားရှိသည့် စာရင်းတစ်ခုဖြစ်ပါက ယာဘက်တွင် ဖော်ပြထားသော နမူနာ ပုံစံအတိုင်း သင့်တော်ရာ အကွက်တွင် အမှန်ခြစ် ရွေးချယ် ပေးရမည်။

☑ 水道料金の引落

・လျှောက်ထားသူတွင်ဘဏ်အကောင့်မရှိမှသာလျှင် ကိုယ်တိုင်ကိုယ်ကျ ထုတ်ယူရန် လျှောက်ထားနိုင်မည် ဖြစ်သည်။ ငွေလက်ခံရယူနိုင်မည့် နေ့ရက်ကို ဟီဂါရှိ ဟီရိုရှီးမား မြို့နယ်ရုံးမှ ဆုံးဖြတ်လိမ့်မည်။ ထိုနေ့၌ထောက်ပံ့ငွေလက်ခံရယူရန်မြို့နယ်ရုံး (မြို့နယ်စည်ပင်သာယာရုံး စသည်)မှ သတ်မှတ်ထားသောနေရာသို့ လာရောက်ပေးရမည် ဖြစ်သည်။

[5] လိုအပ်သောအထောက်အထားစာရွက်စာတမ်းများမှာအောက်ပါအတိုင်းဖြစ်သည် –
(လျှောက်ထားသူမည်သူမည်ဝါဖြစ်ကြောင်းအတည်ပြုနိုင်မည့်အထောက်အထားစာရွက်စာတမ်း): ယာဉ်မောင်းလိုင်စင်မိတ္တူ၊ အမျိုးသားကျန်းမာရေးအာမခံလက်မှတ်(ကဒ်)၊ ကိုယ်ပိုင်နံပါတ်ကဒ် (My Number ကဒ်၏ ရှေ့ခြမ်း)၊ နေထိုင်ခွင့်လက်မှတ် (ကဒ်၏ရှေ့ခြမ်းနှင့်ကျောဖက်) ) နိုင်ငံကူးလက်မှတ် စသည်

※ အကယ်၍ကိုယ်စား လျှောက်ထားပါက ကိုယ်စား လျှောက်ထားသူနှင့် အိမ်ထောင်ဦးစီးတို့၏ စာရွက်စာတမ်းများ တင်ပြရန် လိုအပ်သည်။

(ငွေလက်ခံရယူမည့်ဘဏ်စာရင်း၏အသေးစိတ်အချက်အလက်များကိုအတည်ပြုရန်စာရွက်စာတမ်း): ဘဏ်စာအုပ်မိတ္တူ (ပထမစာမျက်နှာ)၊ ငွေသားထုတ်ယူကဒ် (ATM: အေတီအမ်ကဒ်)၊ အင်တာနက်ဘဏ်အကောင့်ရှေ့စာမျက်နှာ စသည်။ (စာရင်းပိုင်ရှင်၏ဘဏ်အဖွဲ့အစည်းအမည်၊ဌာနခွဲအမည်၊အကောင့်နံပါတ်နှင့်အမည်(ခတဂနဖြင့်)ကိုဖော်ပြသည့် စာရွက်စာတမ်း)

③ COVID-19 အတွက်ထောက်ပံ့ကြေးငွေ လျှောက်လွှာ နှင့်လိုအပ်သောအထောက်အထားစာရွက်စာတမ်းများ (မိတ္တူများ) ကိုပူးတွဲစာအိတ်ထဲသို့ထည့်ပြီး ဟီဂါရှိ ဟီရိုရှီးမား မြို့နယ်စည်ပင်ရုံး သို့ လိပ်မူပြီး ပေးပို့ပါ။

④ COVID-19 အတွက်ခေါက်ပံ့ငွေပမာဏကိုငွေပေးချေခြင်း (ဤအဆင့်သည်အွန်လိုင်းလျှောက်လွှာများနှင့်အတူတူပင်ဖြစ်သည်။) ဟီဂါရှိဟီရိုရှီးမားမြို့နယ်ရုံး တာဝန်ရှိသူများသည် သင်ဖြည့်စွက်ထားသောအချက်အလက်များအားစစ်ဆေးပြီး ရရှိမည့် ငွေပမာဏကို သင်ဖော်ပြသော ဘဏ်စာရင်းသို့ ပေးပို့လိမ့်မည်။
ငွေပေးချေမှုကိုမြန်နိုင်သမျှမြန်အောင်ပြုလုပ်ပေးပါလိမ့်မည်။ သို့သော် လုပ်ငန်းစဉ်ပြီးမြောက်ရန် သင်၏လျှောက်လွှာကို လက်ခံရရှိပြီးသည့်အချိန်မှ စ၍ တစ်လခန့်အထိ ကြာမြင့်နိုင်သည်။

Coronavirus နှင့် ပက်သက်သော အကြောင်းအရာများ COVID-19 အတွက် ထောက်ပံ့ငွေနှင့် ပတ်သက်၍ လိမ်လည်ခြင်းများကိုသတိပြုပါ။

စည်ပင်သာယာသို့မဟုတ်အမျိုးသားအစိုးရ ဝန်ထမ်းများအနေဖြင့်ထိုငွေပေးချေမှုနှင့် ပတ်သက်၍ ဝန်ဆောင်ခများ လွှဲပြောင်းခိုင်းခြင်း၊ အီလက်ထရောနစ်ငွေများ ဝယ်ယူခြင်း၊ (ဘဏ်တစ်ခုတွင်၊ နီးရာစတိုးဆိုင်စသည်တို့) တွင် ATM ကိုအသုံးပြုရန်သင့်အားမည်သည့်အခါမျှမေးမြန်းလိမ့်မည်မဟုတ်ပါ။
ထို့အပြင်မြူနီစီပယ်သို့မဟုတ်အမျိုးသားအစိုးရ၏ ဝန်ထမ်းများသည်သင်၏ခရက်ဒစ်ကဒ်နံပါတ်၊ လျှို့ဝှက် (PIN) နံပါတ် စသည်တို့ကိုမည်သည့်အခါမှတောင်းခံမည်မဟုတ်ပါ။
သံသယဖြစ်ဖွယ်ဖုန်းခေါ်ဆိုပါကရဲကိုဆက်သွယ်ပါ။